ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

## ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့(KNDF) အပေါ်
## ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

နေ့စွဲ။ ။ ၂၀၂၁ခုနှစ်၊ ဩဂုတ်လ (၇) ရက်

၁။ ကရင်နီပြည်နယ်အတွင်းတွင် အာဏာသိမ်းစစ်ကောင်စီမှ အပြစ်မဲ့ ပြည်သူလူထုများအပေါ် မတရား ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း အစရှိသည့် လူ့အခွင့်အရေးချိုးဖေါက်မှုများကို လက်နက်အားကိုးဖြင့် တိုင်းပြည်၏ အာဏာသိမ်းပြီးသည့် အချိန်မှ စတင်၍ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

၂။ ထို့အတွက်ကြောင့် ကရင်နီပြည်နယ်အတွင်း ဖွဲ့စည်းထားရှိသည် ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့ (Karenni Nationalities Defense Force- KNDF) သည် စစ်အာဏာရှင်အပြီးတိုင် ချုပ်ငြိမ်းရေးအတွက် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ၏ နိုင်ငံရေးအရ ဦးဆောင်မှုအောက်တွင် တိုက်ပွဲဝင်နေသည့် ပြည်နယ် ကာကွယ်ရေးတပ်ဖွဲ့ ဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ ကရင်နီအမျိုးသားများကာကွယ်ရေးတပ်ဖွဲ့ (KNDF) သည် စစ်ဖက်ဆိုင်ရာဥပဒေ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်သွားမည်သာဖြစ်ပြီး ပြည်သူ့အကျိုးစီးပွားအားကာကွယ် စောင့်ရှောက်သွားမည့် တပ်ဖွဲ့ဖြစ်ကြောင်း ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီမှ ကြေညာအပ်ပါသည်။

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC)